KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

# အပြည်ပြည်ဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခံရသူများကို ကူညီထောက်ပံ့ရေးနေ့ ထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့

ယနေ့ အပြည်ပြည်ဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခံရသူများကို ကူညီထောက်ပံ့ရေးနေ့တွင် ကမ္ဘာတဝှမ်းရှိ ညှဉ်းပန်းနှိပ်စက်ခြင်း ခံနေရသောသူများကို ကူညီပံ့ပိုးပေးရန် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ သက်ဆိုင်ရာတာဝန်ရှိသူများအား တောင်းဆိုလိုက်ပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ညှဉ်းပန်းနှိပ်စက် ခံရသူများနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ ၎င်းတို့၏ ကုသမှုအဆင့်ဆင့်ကို ပံ့ပိုးကူညီပေးခြင်းအပါအဝင် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် မတရားဖမ်းဆီးခြင်း ကင်းစင်သော အနာဂတ်ဆီသို့ ဦးတည်လုပ်ဆောင်ရာတွင် ကျွန်ုပ်တို့အားလုံးမှ ပူပေါင်းလုပ်ဆောင်ရမည်ဖြစ်သည်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လက်နက်ကိုင်တပ်ဖွဲ့များမှ ရွာသားများအပေါ်ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် ပိုမိုဆိုးရွားလာခဲ့သည်။ အဆိုပါ ချိုးဖောက်မှုများထဲတွင် အရပ်သားများအား ညှဉ်းပန်းနှိပ်စက်မှု ဖြစ်စဉ်များသည်လည်း ပိုမိုများပြားလာခဲ့သည်။ KHRG၏ နောက်ဆုံးထုတ်ဝေခဲ့သော *သေရာပါသည့် ဒဏ်ရာများ* အမည်ရှိ အကျဉ်းချုပ်စာတမ်းထဲတွင် မီးမောင်းထိုးဖော်ပြချက်အရ ၂၀၂၃ ခုနှစ် တစ်နှစ်တည်းတွင် ကျူးလွန်ခံရသူ ၃၇ ဦးထက်မနည်းပါဝင်သည့် ဖြစ်ရပ် ၃၃ ခုကို စစ်ကောင်စီမှ ဓိကကျူးလွန်ခဲ့ကြောင်း  KHRG မှတ်တမ်းပြုစုခဲ့သည်။[1] နိုင်ငံတကာက လူ့အခွင့်အရေးစံနှုန်းများကို ပြင်းပြင်းထန်ထန်ဆန့်ကျင်နေသော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ (SAC) မှ စစ်လက်နက်သဖွယ် အသုံးပြုနေပါသည်။ ဤကဲ့သို့ စနစ်တကျချိုးဖောက်မှုများသည် ရွာသားများ၏ဘဝ၊ ဘေးကင်းလုံခြုံရေးနှင့်  အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို  ဆိုးကျိုးသက်ရောက်စေပြီး  ရွာသားများအပေါ်ပြင်းထန်သောနာကျင်မှုများနှင့် စိတ်ဒဏ်ရာများကို ဖြစ်ပေါ်စေပါသည်။

ညှဉ်းပန်းနှိပ်စက်ခြင်းသည်  နိုင်ငံတကာ ဥပဒေအောက်တွင် ရာဇဝတ်မှုတစ်ခုဖြစ်ပြီး ညှဉ်းပမ်းနှိပ်စက်မှုများကို ဆန့်ကျင်သည့် ကုလသမဂ္ဂသဘောတူစာချုပ်(UNCAT) မှ ညှဉ်းပန်းနှိပ်စက်ခြင်းအား သတင်းအချက်အလက် ရယူရန်၊ တစ်စုံတစ်ရာအား ကျူးလွန်မှု သို့မဟုတ် ကျူးလွန်သည်ဟု သံသယရှိသည့်အတွက်အပြစ်ပေးရန်နှင့် အတင်းအကြပ်ဝန်ခံစေရန်၊ ခွဲခြားဆက်ဆံမှုအပေါ် အခြေခံ၍အပြစ်ဒဏ်ပေးရန်စသည့် အကြောင်းရင်းများကြောင့် လူတစ်ဦးအား ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ပြင်းထန်သော နာကျင်စေမှုနှင့် ညှဥ်းပမ်းနှိပ်စက်မှုများကို ရည်ရွယ်ချက်ရှိရှိကျူးလွန်သည့် လုပ်ရပ်တစ်ခုအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။[2] ညှဉ်းပန်းနှိပ်စက်မှုနှင့် လူမဆန်သော သို့မဟုတ် ယုတ်ညံ့သော  ဆက်ဆံမှုများမှ  အကာအကွယ်ပေးခြင်းသည်  လူတစ်ဦးချင်းစီ၏  ဂုဏ်သိက္ခာနှင့်  ရှင်သန်မှုကိုကာကွယ်ပေးသည့်  အကြွင်းမဲ့လူ့အခွင့်အရေးဖြစ်သည်။[3]  ညှဉ်းပမ်းနှိပ်စက်ခြင်းသည်  ဂျီနီဗာသဘောတူညီချက် ၄

[1] KHRG, Permanent Scars: Torture of villagers under arbitrary detention by State Administration Council in Southeast Burma (January - December 2023), Briefing Paper, April 2024, p.2.

[2] 1984 Convention Against Torture and Other Cruel, Inhuman and Degrading Treatment or Punishment, Article 1.

[3] 1948 Universal Declaration of Human Rights (UDHR), Article 5.

ခုစလုံး၏ ဘုံအပိုဒ် ၃ ကို ဆိုးရွားစွာချိုးဖောက်ခြင်းဖြစ်သည်။[4] ကရင်ပြည်နယ်တွင် ဤလုပ်ရပ်များသည် စစ်ရာဇဝတ်မှုမြောက်ပြီး ဤကျူးလွန်မှုများအား ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျချိုးဖောက်နေသောကြောင့် နိုင်ငံတကာရာဇဝတ်ခုံရုံး၏ ရောမဥပဒေတွင်သတ်မှတ်ထားသည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုလည်း မြောက်သည်။[5]

တိုက်ခိုက်မှုများ သို့မဟုတ် တိုက်ပွဲများအပြီးတွင် စစ်ကောင်စီမှ ဒေသခံ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ၏ လှုပ်ရှားမှုများအကြောင်း သတင်းအချက်အလက်များ သို့မဟုတ် အတင်းအကျပ် ဝန်ခံချက်များကို ရယူရန်အတွက် ရွာသားများကို အဓမ္မဖမ်းဆီးချုပ်နှောင်ခြင်းများ ပြုလုပ်လေ့သည်။[6] ရွာသားများသည် တရားရင်ဆိုင်ခွင့် သို့မဟုတ် သက်သေအထောက်အထားမရှိဘဲ ၎င်းတို့၏လွတ်လပ်ခွင့်ကို ဆုံးရှုံးနေရသည့်အပြင် စစ်ကောင်စီ စစ်သားများသည် ဒေသခံ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် ဆက်နွယ်သည် သို့မဟုတ်ထောက်ပံ့နေသည်ဟု သံသယရှိသော ရွာသားများအပေါ် ရုပ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားသောအကြမ်းဖက်ခြင်းများကို ကျူးလွန်လေ့ရှိသည်။[7] စစ်ကောင်စီနှင့် ဆက်စပ်နေသောလက်နက်ကိုင်အဖွဲ့များမှလည်း ခြိမ်းခြောက်ရန်နှင့် ၎င်းတို့တွင် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရှိသောအာဏာရှိကြောင်းပြသရန် ရွာသားများကို ညှဉ်းပန်းနှိပ်စက်ခြင်းများကျူးလွန်နေပြီး အရပ်သားများအပေါ် အာဏာအလွဲသုံးစားမှုပြု၍ ဆိုးဆိုးရွားရွားထိခိုက်နစ်နာစေပါသည်။[8] စစ်ကောင်စီသည် ရွာသားများအားအဓမ္မဖမ်းဆီးပြီး တိုက်ခိုက်ခံရနိုင်ခြေရှိသည့် နယ်မြေများသို့သွားရာတွင် လူသားဒိုင်း သို့မဟုတ် ပေါ်တာအဖြစ် ခိုင်းစေပါသည်။ ရွာသားများအား လေးလံသောဝန်များသယ်ဆောင်ခိုင်းခြင်းနှင့် တိုက်ပွဲများ သို့မဟုတ် မြေမြှုပ်မိုင်းများရှိသောနေရာများသို့ အတင်းအကြပ်ခေါ်ဆောင်သွားခြင်းသည် နှိပ်စက်ညှဉ်းပန်းမှု မြောက်သည်။ ထို့အပြင် ရွာသားများအား လူသားဒိုင်းအဖြစ် အဓမ္မဖမ်းဆီးထိန်းသိမ်းထားစဉ်တွင် နှုတ်နှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများလည်းရှိသည်။ ၂၀၂၃ ခုနှစ် အတွင်း ရွာသား ၉၇ ဦးထက်မနည်းပါဝင်သည့် လူသားဒိုင်းအဖြစ်အသုံးပြုခြင်းနှင့် အဓမ္မပေါ်တာအဖြစ်ခိုင်းစေခြင်းများကိုဖော်ပြသော ဖြစ်စဉ် ၁၃ ခုကို KHRG မှ မှတ်တမ်းရရှိခဲ့သည်။[9]

ညှဉ်းပန်းနှိပ်စက်မှုသည် တိုက်ရိုက်ကျူးလွန်ခံရသူများအပြင် နီးစပ်သူများအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှုရှိသည်။ ၎င်းတို့နှင့်ဆက်စပ်သူများသည် မတွေးဝံ့သောနာကျင်မှုများ၊ နာတာရှည် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်များနှင့် ၎င်းတို့၏ ကိုယ်ပိုင်ရပ်တည်နိုင်မှုစွမ်းရည်ကိုထိခိုက်စေသည့် ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများကိုရင်ဆိုင်နေရသောကြောင့် မိသားစုဝင်များနှင့် အသိုင်းအဝိုင်းများသည်လည်း ဆိုးရွားစွာ ခံစားနေကြရသည်။ ပျံ့နှံ့နေသည့် မတရား ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများကို ကြောက်ရွံ့မှုသည် လူမှုစည်းလုံးညီညွတ်မှုနှင့် ယုံကြည်မှုကိုပျက်ပြားစေကာ စဉ်ဆက်မပြတ် မလုံခြုံမှုများကို ဖြစ်စေပါသည်။ အဆိုပါ ကျူးလွန်မှုများသည် ရေရှည်သက်ရောက်မှုများရှိပြီး လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းများ၏ ဘဝပြန်လည်တည်ဆောက်ရေးနှင့် ကိုယ်ပိုင်ရပ်တည်နိုင်စွမ်းကို အဟန့်အတား ဖြစ်စေသည်။ စိန်ခေါ်မှုများရှိနေသော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ညှင်းပန်းနှိပ်စက်ခံရသူများအား ပြန်လည်ကုစားပေးရန်နှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကြိုးပမ်းမှုများအား အရပ်ဘက် လူမှု

[4] 1949 Geneva Conventions, Common Article 3(1)(a).

[5] 1998 Rome Statute of the International Criminal Court, Articles 7(f) and 8(2)(c)(i).

[6] KHRG, Permanent Scars: Torture of villagers under arbitrary detention by State Administration Council in Southeast Burma (January - December 2023), Briefing Paper, April 2024, pp. 4-7.

[7] KHRG, *Permanent Scars*, Briefing Paper, April 2024, pp. 7-9.

[8] KHRG, *Permanent Scars*, Briefing Paper, April 2024, pp. 9-10.

[9] KHRG, *Permanent Scars*, Briefing Paper, April 2024, pp. 10-11.

အဖွဲ့အစည်းများမှ ဆက်လက်လုပ်ဆောင်နေပါသည်။ ဒေသခံ အရပ်ဘက်နှင့် လူမှုအဖွဲ့အစည်းများ (CSOs/CBOs) များသည် ကျူးလွန်မှုမှလွတ်မြောက်လာသူများနှင့် ၎င်းတို့၏မိသားစုဝင်များအား စိတ်ပိုင်းဆိုင်ရာ၊ ဥပဒေပိုင်းဆိုင်ရာနှင့် ငွေကြေးအကူအညီများ ပေးအပ်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ကျူးလွန်ခံရသူများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်း ဒဏ်ရာများသက်သာစေရန်၊ ၎င်းတို့၏ဂုဏ်သိက္ခာကို ပြန်လည်ရယူရန်နှင့် လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ရပ်တည်နိုင်ရန်အတွက် ကူညီပေးရာတွင် ပြီးပြည့်စုံသော ပံ့ပိုးကူညီမှုစနစ်များသည် မရှိမဖြစ်လိုအပ်ပါသည်။

ဤ အပြည်ပြည်ဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခံရသူများကို ကူညီထောက်ပံ့ရေးနေ့တွင် KHRG မှ နိုင်ငံတကာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဒေသတွင်းနှင့် နိုင်ငံခြား အစိုးရများအား အောက်ပါအတိုင်း တိုက်တွန်းအပ်ပါသည်။

- မြန်မာစစ်ခေါင်းဆောင်များ ကျူးလွန်ခဲ့သော ကြီးလေးသောရာဇဝတ်မှုများကို အသိအမှတ်ပြုရန်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ကို ထောက်ခံခြင်း သို့မဟုတ် တရားဝင်စေခြင်းမှ ရှောင်ကြဉ်ပြီး ဘက်မလိုက်ဘဲ လွတ်လပ်သော တရားရုံးများတွင် မြန်မာစစ်ခေါင်းဆောင်များကို တာဝန်ခံစေရန်။
- တိုင်းရင်းသား ဝန်ဆောင်မှုပေးသူများအပါအဝင် ဒေသခံ အရပ်ဘက်နှင့်လူမှုအဖွဲ့အစည်းများ (CSOs/CBOs) သည် ကျူးလွန်မှုမှလွတ်မြောက်လာသူများ၊ ၎င်းတို့၏မိသားစုဝင်များနှင့် လူမှုအသိုက်အဝန်း၏ စိတ်ဒဏ်ရာများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုအစီအစဉ်များကို ချဲ့ထွင်နိုင်ရန် ပံ့ပိုးကူညီရန်။
- မြန်မာပြည်အရှေ့တောင်ပိုင်းတွင် မတရားဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်မှုများကို မှတ်တမ်းတင်နေသည့် ဒေသတွင်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏အသံကို နားထောင်ပြီး ထောက်ခံအားပေးရန်။ မတရားဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းဆိုင်ရာ မျက်မြင်သက်သေများကို လုံလောက်သည့် ပံ့ပိုးကူညီမှုများပေးရန်။
- မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်ဒေသအတွင်းဖြစ်ပွားနေသော ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် မတရားဖမ်းဆီးခြင်း ရာဇဝတ်မှုများကို နိုင်ငံတကာမှ သိရှိနားလည်လာစေရန် အသိပညာပေးခြင်း များပြုလုပ်ရန်။ ဤချိုးဖောက်မှုများပါဝင်နိုင်မည့် နိုင်ငံတကာ စုံစမ်းစစ်ဆေးမှုနယ်ပယ်များ ချဲ့ထွင်ခြင်းအပါအဝင် အဆိုပါချိုးဖောက်မှုများအား ဟန့်တားနိုင်ရန်နှင့် ဖြေရှင်းနိုင်ရန် အပြုသဘောဆောင်သည့် နည်းလမ်းများကိုရှာဖွေရန်။

ဆက်သွယ်ရန် -

စောနန္ဒဆူး - စည်းရုံးလှုံ့ဆော်ရေးတာဝန်ခံ - hsue@khrg.org

နော်ဖောလား - စည်းရုံးလှုံ့ဆော်ရေးအရာရှိ - nawpawlah@khrg.org